# လမ်းလျှောက်ခြင်း ညနေ

ညဏ်ဦးမောင်



နောက်ဘဝ လူပြန်ဖြစ်ရမယ်ဆိုလျှင် ရွှေဘိုနယ်မှာ ပြန်ဖြစ်ချင်တယ်။ ရွှေဘိုနယ်မှာတောင်မှပဲ သူမွေးဖွားရာ သရိုင်ရွာလေးမှာ ပြန်ဖြစ်ချင်တယ်လို့ မဟာဂန္ဓာရုံ ဆရာတော်ကြီးက မိန့်ဖူးတယ်တဲ့။ အဲဒီလိုမိန့်ခဲ့ခြင်းအတွက် ဆရာတော်ဘုရားကြီးမှာ အကြောင်းရှိမှာပါ။ သရိုင်ရွာမှာ လူသားတစ်ဦးဖြစ်ရခြင်းရဲ့ အားသာတယ်ထင်တဲ့အချက်တွေ ရှိလို့ဖြစ်မှာပါ။ မိကောင်းဘကောင်း၊ ဆရာသမားကောင်းတွေ၊ ဘာသာတရားကိုင်းရှိုင်းတဲ့ ပညာရှိသူတွေနဲ့ တွေ့ဆုံရခြင်းစတာတွေလည်း ပါမလားပါပဲ။

စာပေမှာတော့ လူသားတွေအပါအဝင် သတ္တဝါတွေဆိုတာ ဘဝနိကန္တိကတဏှာ-ဘဝကို စွဲလမ်းတပ်မက်တတ်တဲ့တဏှာကြောင့် ဘဝဖြစ်ကြောင်းကံတွေလုပ်၊ ဒီကနေ ဘဝသစ်တွေရရှိကြ။ ဒီတဏှာကပဲ တတြ တတြာဘိနန္ဒိနီ-ကိုယ်ရောက်ရှိရာ ဘဝမှာ ပျော်ရွှင်တတ်၊ ဘဝကိုလည်း ခင်မင်စွဲလမ်းတတ်မှုကို ဖြစ်စေတတ်တယ်လို့ဆိုထားပါတယ်။စွဲလမ်းတပ်မက်တတ်မှုကပဲ မစင်တွင်းထဲရောက်နေတဲ့ပိုးလောက်က သူ့ပိုးလောက်မိသားစုဘဝကို စွန့်လွှတ်ပြီး မြင့်မြတ်ကောင်းမွန်တဲ့ဘဝမှာ မပျော်နိုင်တဲ့အကြောင်း ပြောထားတာကို ဖတ်ဖူး ကြားဖူးတယ်လေ။ သတ္တဝါတွေဆိုတာ ကိုယ့်ဘဝကို ခင်မင်တွယ်တာတတ်၊ ကိုယ်နေထိုင်ရာပတ်ဝန်းကျင်ကို စွဲလမ်းတတ်တဲ့ အကြောင်းကို ပြောချင်တာပဲဖြစ်မှာပါ။ အင်းကိုယ်ကရော၊ ဘယ်နေရာကို စွဲလမ်းတွယ်တာနေပါသလဲ။



ကိုယ်ဒီမြို့လေးကိုရောက်နေတာ ဆယ်စုနှစ်တစ်ခုရှိပြီ။ ကိုယ့်မွေးရပ်ဒေသမှာ တစ်ဆယ့်လေးနှစ်ကျော်ကျော် နေထိုင်ခဲ့တာကလွဲလျှင် ကိုယ့်ဘဝမှာ ဒါအကြာဆုံး နေထိုင်တဲ့နေရာ။ နေရာသစ်တွေကို နှစ်သက်တတ်တဲ့ကိုယ့်အဖို့ တစ်နေရာထဲမှာ ခုလောက်ကြာကြာနေဖြစ်ခဲ့တာကို ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြမိတယ်။ ခုနှစ်ပိုင်းတွေမှာ ကိုယ့်ဇာတိစိတ်က ပြလာတာထင်ရဲ့။ တစ်နေရာထဲမှာ နေနေရတာထက် ဟိုဟိုဒီဒီ ခရီးသွားလိုစိတ် ပိုဖြစ်လာတယ်။ တစ်နေရာထဲမှာ နေထိုင်ရခြင်းက အတွေးသစ် အမြင်သစ်ကို မရစေနိုင်ဖူးလို့လည်း ခံစားမိလာတယ်။ ဒါကြောင့်ရက်ရှည်ရှည် ခရီးဝေးဝေးသွားရမှာမျိုးကြုံလာလျှင် သွားဖို့စိတ်အားထက်သန်နေတတ်တယ်။ အဝေးတစ်နေရာသွားဖို့ အခွင့်မသာလျှင်တောင်မှ အနီးအနားတစ်နေရာရာကိုတော့ သွားဖြစ်တတ်တယ်။ အခန်းတစ်ခန်းထဲမှာအောင်းပြီး နေရတာလောက် ငြီးငွေ့ဖွယ်ကောင်းတာမျိုး ရှိနိုင်မယ် မရှိဖူးလို့တောင် ထင်မိလာတယ်။ ဒီအထင်ကပင် ကိုယ့်ကိုယ် တစ်နေရာရာသွားဖို့

တွန်းပို့ဖို့အကြောင်းဖြစ်ကောင်း ဖြစ်မလားမသိ။ နှစ်ပေါင်းရှည်ကြာ အခန်းကျဉ်းကျဉ်းလေးမှာ နေထိုင်ကြရသူတို့အတွက် နက်ရှိုင်းစွာလည်း စာနာမိပါရဲ့။

ကျန်းမာရေးကို အထူးလိုက်စားသူတစ်ဦးလို့ မဆိုနိုင်ပေမယ့် အခါအားလျော်စွာတော့ လမ်းလျှောက်တတ်ပါတယ်။ လမ်းလျှောက်တာလည်း တစ်နေရာတည်း မဟုတ်တတ်။ နေထိုင်တဲ့နေရာကနေ အရှေ့ဖက်ထွက်တဲ့အခါလည်းရှိ။ အနောက်၊ တောင်၊ မြောက်အရပ်တွေဖက်ဆီ ထွက်တဲ့အခါလည်းရှိ။ တခါခါမှာတော့ အဖော်နဲ့။ တခါခါကြပြန်တော့လည်း အဖော်မဲ့၊ တစ်ယောက်ထဲ။ စိတ်လိုလက်ရရှိတဲ့အခါမျိုးမှာဆိုလျှင်တော့ တော်တော်ဝေးဝေး ကားမောင်းသွားပြီး တစ်နေရာရာမှာ အချိန်ကြာကြာ လမ်းလျှောက်ဖြစ်တယ်။ မြင်ကွင်းကျယ်ကျယ်မြင်ရတဲ့နေရာမျိုး။ လေကောင်းလေသန့်ရနိုင်တဲ့နေရာမျိုးကတော့ ကိုယ့်အကြိုက်ပေါ့။ ရေပြင်ကျယ်ကျယ်ကိုဖြတ်တိုက်လာတဲ့ လေကို တဝရှူရှိုက်ရင်း အဆုံးအစမဲ့ကောင်းကင်ပြင်ကြီးကို တခါတခါမော့ကြည့်လို့ လမ်းလျှောက်ရတာမျိုးဆို ကိုယ်က ပိုနှစ်သက်တယ်။ အများအားဖြင့် နံနက်ပိုင်းမှာ လမ်းလျှောက်ဖြစ်တာများတယ်။ နံနက်ခင်းမှာတွေ့ရတတ်တဲ့ မှုန်ပျပျကောင်းကင်က လွှမ်းချင့်ဖွယ်ရသ ပေးတတ်သလို လန်းဆန်းတဲ့ သစ်ပင်နဲ့မြက်ခင်းစိမ်းစိမ်းတွေက လတ်ဆတ်တဲ့စိတ်ကူးကို ပေးတတ်တယ်လို့ ယုံကြည်မိတယ်။ နံနက်ခင်းမှာ ထိတွေ့ရတဲ့ လတ်ဆတ်လေကတော့ ခွန်အားသစ်တွေဖြစ်စေတယ်လို့ ထင်မိတယ်။

ဆည်းဆာနေညိုညိုနဲ့ တိမ်ရောင်စုံအလှအောက်မှာ တွေ့ရတတ်တဲ့ အိပ်တန်းပျံငှက်တွေကိုကြည့်ပြီး ဘဝအကြောင်းစဉ်းစားရတာ ပိုမိုပီပြင်တယ်လို့ ထင်မိတာကြောင့် ညနေခင်းအချို့မှာလည်း လမ်းလျှောက်ဖြစ်ပါတယ်။ ဒီအချိန်မျိုးမှာ ကောင်းကင်ယံထက် တစ်ကောင်တည်းပျံနေတဲ့ ငှက်တစ်ကောင်ကောင်ကိုတွေ့ရလျှင် သူ့မှာအိပ်စက်နားခိုစရာ မရှိလို့များ ခုလို မမောနိုင် မပမ်းနိုင်စွာ ပျံသန်းနေရှာရော့လားလို့ ကြင်နာစိတ်နဲ့ စာစာနာနာတွေးမိတတ်ခဲ့ဘူးတယ်။ အသိဉာဏ်ရှိတဲ့လူသားအချို့တွေအတွက်တောင် အိပ်စက်နားခိုရာနေရာ မဲ့တတ်တာ။ ငှက်ကလေးဆိုတာက လူသားတွေနဲ့နှိုင်းစာရင် အသိဉာဏ်အားနည်းကျတယ်လေ။ ဒီတော့ လုံခြုံတဲ့အသိုက်အမြုံတစ်ခု တည်ဆောက်နိုင်ဖို့ လူသားတွေထက် ပိုခက်တန်ကောင်း ခက်နေမှာလို့ ပိုပိုသာသာလေးလည်း တွေးမိတတ်ဘူးရဲ့။ ဒါပေမယ့်လည်း ကျယ်ပြန့်တဲ့ကောင်းကင်ပြင်ကြီးထဲမှာ အတားအဆီးအပိတ်အပင်မဲ့စွာ ပျံသန်းခွင့်ရနေခြင်းဟာ သူ့အတွက် ဂုဏ်ယူကျေနပ်စရာ ဖြစ်ကောင်းဖြစ်နေမှာလို့ ဖြေသိမ့်တွေးနဲ့ ဝမ်းမြောက်ပေးမိတတ်တယ်။ သေချာတာကတော့ သင်ကအိမ်လွမ်းတတ်သူဆိုလျှင်တော့ နေညိုညချမ်းအချိန်က သင့်အတွက် အကောင်းဆုံး လမ်းလျှောက်ချိန်ဖြစ်မှာပါ။

ခုနှစ်ပိုင်းမှာတော့ ကိုယ်ခြေစက်ကျနေတဲ့နေရာလေး တစ်နေရာရှိတယ်။ ဒီနေရာလေးက ကိုယ်ဒီမြို့ကို ရောက်စက ပီဘိတောပိုင်းလေး။ သစ်ပင်ရိုင်းတွေ၊ မြက်ရိုင်းတောတွေနဲ့ ဖုံးလွှမ်းနေတဲ့နေရာလေး။ ပတ်ဝန်းကျင်မှာတော့ ရာသီနဲ့အညီ စိုက်ပျိုးတတ်တဲ့ စိုက်ခင်းအချို့ကို တွေ့ရတတ်တဲ့နေရာလေးပေါ့။ ကွင်းပြင်ကျယ် အစွန်းတစ်ဖက်က အိမ်အိုဟောင်းဟောင်းနံဘေးမှာတော့ လယ်ယာခွင်သုံး ကားအိုကားဟောင်းအမျိုးမျိုးနဲ့ မြင်းခြံတစ်ခုကိုတွေ့ခဲ့ဘူးတယ်။ မြင်းခြံထဲမှာတော့ တခါခါမှသာ မြင်းသုံးလေးကောင်က ခုန်ပေါက်ပြေးလွှားလို့။ အိမ်က ခြံစည်းရိုးမဲ့။ အိမ်ဘေးက ကွင်းထဲကို ဖြတ်ဖောက်ထားတဲ့ တစ်ခုတည်းသော လမ်းလေးကလဲ မြေလမ်းလေး။ နွေညနေချမ်း လမ်းလေးထဲ ကားဖြတ်ဝင်လာလျှင် ဒီမြို့လေးမှာ ရှားရှားပါးပါး တွေ့ရတတ်တဲ့ ဖုံလုံးလိမ့်လိမ့်တွေ ကား

နောက်က ပြေးလိုက်လာတာမျိုးကို တွေ့ရတတ်တယ်။ ကိုယ့်မွေးဖွားကြီးပြင်းခဲ့ရာ အညာဒေသက ကျေးလက်တောရွာလေးကို အမှတ်ရစရာပေါ့။ ဒါပေမယ့် ကိုယ့်ရွာလေးမှာလိုတော့ လှည်းတွေ၊ နွားအုပ်တွေ၊ ကလေးငယ်တွေ ဖြတ်သန်းသွားလို့ ဖုံလုံးကြီးတွေ တလိမ့်လိမ့် လိမ့်တက်တာမျိုး မဟုတ်ဘူးပေါ့။ အကုန် မတူခဲ့တောင် တစ်ပိုင်းမျှတူနေတာကိုကပဲ အညာပုံရိပ်ကို လွမ်းမိဖွယ်ရာပါ။



ခုတော့ ဒီကွင်းလေးလည်း ကျဉ်းကျဉ်းသာ ကျန်တော့တယ်။ ကွင်းရဲ့ အစိတ်အပိုင်းတော်တော်များများကို ကားရပ်ဖို့နေရာအဖြစ် ဖန်တီးလိုက်ကြတယ်။ ကိုယ်ရောက်စက တွေ့ရတတ်ခဲ့တဲ့ ခြုံနွယ်ပိတ်ပေါင်းတွေလည်း ကွင်းထဲမှာ မရှိတော့ဘူး။ ခြုံနွယ်တွေအစား စနစ်တကျ စိုက်ပျိုးထားတဲ့ သစ်ပုလွေပင်တွေ၊ မေပယ်လ်ပင်တွေနဲ့ စည်နေခဲ့ပြီ။အချို့ နေရာများမှာတော့ ညီညာညာမြက်ခင်းစိမ်းစိမ်းတွေ။ တခါက ဖုံတထောင်းထောင်းထနေခဲ့တဲ့ လမ်းလေးလည်း ကတ္တရာလမ်းချောချော အစားထိုးလို့။သဘာဝတွေနေရာ လူ့စွမ်းအားနဲ့ဖန်တီးထားတာတွေနဲ့ အစားထိုးထားခဲ့ပြီ။ အလျင်က မြက်ရိုင်းတောထဲမှာ ကားအလကားရပ်လို့ ရခဲ့ပေမယ့် ခုတော့ ကားတစ်စီးအတွက် ဂိတ်ဝင်ကြေး ငါးဒေါ်လာဖြစ်သွားပြီ။ ပန်းခြံလေးရဲ့အစွန် ရေမြောင်းပေါင်ဘေးမှာ ကားရပ်နားဖို့ ဖန်တီးထားတဲ့ ကားအစီး ၂၀ ခန့် ရပ်နားနိုင်တဲ့နေရာလေးပဲ အခမဲ့ရပ်နားဖို့နေရာ ကျန်တော့တယ်။ ဒီနေရာလေးသာ မရှိတော့လျှင် ကိုယ်လည်း ဒီပန်းခြံလေးထဲမှာ လမ်းလျှောက်ဖြစ်တော့မယ် မထင်ဘူး။ လမ်းတခါလျှောက်ဖို့ ငါးဒေါ်လာပေးရမယ်ဆိုလျှင်တော့ ဒါဟာ ကိုယ့်တတ်နိုင်မှုရဲ့ ဟိုဖက်မှာရှိတဲ့အရာမျိုးလေ။ ခုတော့ ကံအားလျော်စွာ အခမဲ့ရပ်နားနိုင်တဲ့ ဒီနေရာလေးမှာပဲ ကားရပ်လို့ ပန်းခြံတွင်းမှာရှိတဲ့ ရေကန်ကြီးတွေရဲ့ ကန်ပေါင်ရိုးတစ်လျှောက်မှာ မကြာမကြာ လမ်းလျှောက်ဖြစ် နေနိုင်ခဲ့တယ်။ ဒီနေရာလေး အဓွန့်ရှည်ကြာပါစေပေါ့။



ရေကန်ကြီးတွေက တစ်ကန် နှစ်ကန် . . . ခြောက်ကန်။ ကန်တွေက အကျဉ်းအကျယ် မညီသလို ရေပြင်ချင်းလည်း မညီပါဘူး။ ရေမျက်နှာပြင်ကျယ် မညီပေမယ့် ကန်ရေပြင်လွှာကို ရှပ်တိုက်ပြေးလို့ ဖြတ်တိုက်လာတဲ့ လေညင်းနုနုလေးတွေကတော့ နွေညနေချမ်းမှာ ထိတွေ့ရတဲ့ ပူစပ်စပ်ရသကိုတောင်မှ တူညီစွာပဲ ပြေလျော့စေနိုင်ပါတယ်။ ကန်ပေါင်ရိုးပေါ်မှာ ရောင်စုံဖူးပွင့်တတ်တဲ့ တောရိုင်းပန်းလေးတွေကလည်း သိမ်မွေ့မွေ့လည်း သင်းပျံ့လို့။ ရေကန်များထဲမှာလည်း ဖြူနီဝါပြာ ငှက်ပေါင်းစုံတို့က ကူးခတ်လို့လေ။ မြင်ကြားရသ၊ ခံမင်စွဲမက်စရာ အလှ၊ စုံစုံလင်လင် ရနိုင်တဲ့ နေရာလေးပေါ့။

ဆောင်းဦးရောက်လို့ ကမ္ဘာ့မြောက်စွန်းအရပ်ဖက်ဆီမှာ အအေးလွန်တဲ့အခါ သဘာဝတောရိုင်းငှက်လေးတွေဟာ နွေးထွေးရာကိုရှာဖို့ တောင်ဖက်အရပ်ဆီကို ပျံသန်းတတ်ကြတယ်တဲ့။ သူတို့ခရီးက သိပ်ပြီးရှည်လျားလွန်း

တယ်လေ။ ဒါကြောင့် ဆန်ဖရန်စစ္စကို ပေးဇရိယာတစ်ဝိုက်မှာရှိတဲ့ ရေကန်ကျယ်တွေမှာ ဆောင်းခိုငှက်တွေက တစ်ထောက်နားခိုကြတယ်တဲ့။ ကိုယ်လျှောက်နေတဲ့ ပန်းခြံထဲက (Quarry Lakes) ကွာရီရေကန်တွေကလည်း ဆောင်းခိုငှက်လေးတွေရဲ့ ခေတ္တနားခိုရာထဲက တစ်ခုတဲ့။ ဆောင်းကုန်လို့ မြောက်ဖက်အရပ်ဆီမှာ အနွေးဓာတ် ဝင်လာပြန်တော့ ဆောင်းခိုငှက်အုပ်တွေက သူတို့ဒေသ မြောက်ဖက်အရပ်ဆီ တစ်ခါပြန်ကြပြန်တယ်တဲ့လေ။ ဒီတော့ ဒီရေကန်တွေဆီကို ငှက်လေးတွေ တစ်နှစ်နှစ်ခေါက်လောက်တော့ အလည်ရောက်တယ်ပေါ့။ ဘဝ ရှင်သန်ရပ်တည်ရေးအတွက် မိုင်ပေါင်းထောင်ချီခရီးကို ပျံသန်းရရှာတဲ့ ငှက်ငယ်လေးတွေအကြောင်း စဉ်းစားရင်း လူ့ဘဝတွေ အကြောင်းကို ပြန်စဉ်းစားမိတဲ့အခါလည်း ရှိခဲ့ဖူးရဲ့။



ဘဝရပ်တည်ရှင်သန်ရေး၊ ဘဝလုံခြုံရေးအတွက် မွေးရပ်မြေကနေ မိုင်ပေါင်းထောင်သောင်းချီဝေးကွာတဲ့ အရပ်ဆီကို ပျံသန်းလာခဲ့တဲ့ သူတွေရဲ့ဘဝကရော ငှက်ကလေးတွေနဲ့ ဘာများ ကွာခြားပါသေးလဲ။ တစ်နှစ်တစ်ခါ သူတို့မွေးရပ်ဒေသကို ငှက်ကလေးတွေက ပျံလာကြတယ်တဲ့။ မွေးရပ်မြေကို စွန့်ခွါခဲ့ကြရတဲ့ လူသားတွေကရော မွေးရပ်မြေဆီ တစ်နှစ်တခါ နှစ်စဉ်မှန်မှန် ပြန်နိုင်ကြပါရဲ့လား။ ငှက်ကလေးတွေဘဝကို တွေးပြီး သနားနေမိတဲ့ကိုယ့်အကြောင်းကို ငှက်ငယ်လေးတွေများ သိလျှင်ဖြင့် သူတို့ကများ ကိုယ့်ကို သနားစရာလို့ ပြန်မြင်နေလေဦးမလား။

ရေကန်ပြာပြာတွေဘေးမှာ လမ်းလျှောက်ရင်း၊ တောပန်းလေးတွေရဲ့ မွှေးပျံ့ပျံ့သင်းရနံ့ကို ခံစားကာ ရေကန်ထဲ ကူးခတ်နေတဲ့ ရောင်စုံငှက်ကလေးတွေကို တဝကြည့်လိုတယ်ဆိုလျှင်ဖြင့် ဖရီးမောင့်မြို့လေးရဲ့ (Quarry Lakes) ကွာရီရေကန်တွေရှိရာ ပန်းခြံလေးဆီ တစ်ခေါက်လောက်တော့ သင်အနည်းဆုံးသွားကြည့်ဖို့ လိုလိမ့်မယ်။ မိုးစက်လေးတွေ ကျပြီးစ အချိန်မျိုးမှာဆိုလျှင်တော့ မြေသင်းရနံ့ သင်းပျံ့ပျံ့ကိုပင်လျှင် အပိုဆုအဖြစ် သင်ရနိုင်ဦးမှာပါ။

လျှောက်နေတဲ့ ပန်းခြံထဲကနေ ဟိုအရှေ့အရပ်ဆီ မျှော်ကြည့်လိုက်လျှင်တော့ တောင်တန်းကြီးကို မှိုင်းပြပြ မြင်ရလေရဲ့။ ရထားဥသြသံကြားရင် နွေးထွေးတဲ့ အမေ့ရင်ခွင်ရှိရာ အမေ့အိမ်ကိုလွမ်းတယ်။ အိမ်ပြန်ချင်တယ်ဆိုတဲ့ ထူးအိမ်သင်ရဲ့ အမေ့အိမ် သီချင်းလေးထဲကလို ဝင်လုလု နေညို ချိန်မှာ တိမ်ရောင်စုံတွေကြောင့် လင်းတစ်ကွက် မှိန်တစ်ကွက် နေရိုန်ထင်ဟပ်နေတတ်တဲ့ တောင်တန်းကြီး နောက်ခံထားလို့ ပန်းခြံဘေးကနေ ပြေးသွားတတ်တဲ့ ရထားတွေရဲ့ ဥသြသံကို ကြားရတိုင်း အမေ့အိမ်ကို ပြန်လည်သတိရမိတယ်။



အို စာဖတ်သူ။ သင့်ကို တခုတ်တရ မှာချင်တဲ့စကားတစ်ခွန်းလည်းရှိပါရဲ့။ တကယ်လို့များ အချိန်ရလို့ ညနေချမ်း တချိန်ချိန်

မှာများ ကွာရီရေကန်တွေရှိရာ ပန်းခြံလေးဆီ သင်သွားများ သွားဖြစ်တယ်ဆိုလျှင် အိပ်တန်းပျံ ငှက်ငယ်လေး



တွေကြည့်ပြီး အိမ်တမ်းချင်းစိတ် ယိုဖိတ်နေသူတစ်ဦးကိုများ တွေ့ခဲ့လျှင်ဖြင့် ပြုံးပြကာ နှုတ်ဆက်ဖို့ မမေ့ပါနဲ့နော်။ သူက ဂွတ်ဒ်အီးဗနင်း ဆိုတဲ့ နှုတ်ဆက်စကားအစား နေကောင်းလား ဆိုတဲ့ မြန်မာဆန်ဆန် နှုတ်ဆက်သံကိုသာ ခံ့မင်တမ်းတစွာ ကြားချင်နေသူ တစ်ယောက် ဖြစ်တယ်ဆိုတာကိုလည်း အမှတ်တရ ရှိပစေဦးပေ့ါ။ ။